# သက်ဆိုင်ရာဝန်ကြီးဌာနများမှ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ အတည်ပြုချက်ပေးရာတွင် လိုအပ်သည့်စံသတ်မှတ်ချက်များ (Criteria) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း [1]

Posted on 12 September 2017

သက်ဆိုင်ရာဝန်ကြီးဌာနများမှ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးရာတွင် လိုအပ်သည့် စံသတ်မှတ်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့ မွန်းလွဲ ၁:၀၀ နာရီတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးအား အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇“ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံ

မှုလုပ်ငန်းများသတ်မှတ်ခြင်း”အမိန့်ကြော်ငြာစာအရသက်ဆိုင်ရာဝန်ကြီးဌာနများ၏ အတည်ပြုချက်ကိုရယူ၍ ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစား များနှင့် ပတ်သက်၍ လိုအပ်သည့်စံသတ်မှတ်ချက်များ (Criteria) ကိုထုတ်ပြန်နိုင်ရန် ရည်ရွယ်၍ ကျင်းပ ခြင်းဖြစ်ပါသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးမှ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အတည်ပြုချက်ရယူ၍ ဆောင်ရွက်ရမည့် စံထားရမည့်  အချက်များအားရှင်းလင်းတင်ပြခဲ့ပြီးသက်ဆိုင်ရာဌာနများမှ ထည့်သွင်းသင့်သည့် အချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးသို့ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် (၃၅) ဦးတက်ရောက်ခဲ့ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative

---